# မြန်မာ့ဒီမိုကရေစီအရေး

ခရီးရှည်ချီတက်ဆန္ဒပြပွဲနှင့်
အစာငတ်ခံဆန္ဒပြတိုက်ပွဲ

စက်တင်ဘာ ၂၆ ရက် ၂၀၀၄
published by
the Communication and Media Operators Committee

# ၄ ရက်မြောက်နေ့

## ရဲဘော် မောင်မောင်တိတ် ကျန်းမာရေးအခြေအနေ မကောင်းသော်လည်း ဆက်လက် တိုက်ပွဲဝင်လျက်ရှိ

□ အစာငတ်ခံဆန္ဒပြတိုက်ပွဲ ၄ရက်မြောက်နေ့မှ စတင်ပြီး အဖျားကြီးကာ အားနည်း နေခဲ့သော ရဲဘော်မောင်မောင်တိတ် သည် ကျန်းမာရေးအခြေ အနေ ဆိုးဝါးလာ သဖြင့် ယနေ့မနက်ပိုင်းတွင် ဆေးခန်းသို့ သွားရောက်ကာ ကုသမှု ခံယူခဲ့ရသော်လည်း အစာမစားပဲ ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည်။

□ ရဲဘော်မောင်မောင်တိတ်သည် မိုင်ပေါင်း၁၈၀ကျော်ကွာဝေးသည့် ခရီးရှည်ချီတက်ပွဲတွင် မနားတမ်းပါဝင်ချီတက်ခဲ့ပြီး အစာငတ်ခံဆန္ဒပြတိုက်ပွဲ၏ ၄ ရက်မြောက်နေ့မှ စတင်ကာ မကြာ ခဏအန်ခြင်း ၊ ခေါင်းမူး ခေါင်း ကိုက် ခြင်းတို့ဖြစ်လာခဲ့သော်လည်း ဆေးဝါးကုသမှုခံယူခဲ့ခြင်း မ ရှိပေ။

□ မနေ့က ညနေပိုင်း မှ စတင်ကာ ဝမ်းလျှောလာပြီး အန်သည့် အကြိမ်ပိုများလာ သဖြင့် ယနေ့နံနက် ၁၀နာရီ ၃၅မိနစ်တွင် ဒေါက်တာ သောင်းထွန်း နှင့် နယူးယောက် ဒီမိုကရေစီအင်အားစုများက မြန်မာဆရာဝန်တစ်ဦး၏ဆေးခန်းသို့ သွားရောက်ပို့သ ခဲ့ ရ သည်။

□ ဆရာဝန်က အစာပျော့ပျော့များစတင်စားသင့်ကြောင်း၊ ဆက်လက် အစာငတ် ခံရန် မသင့်ကြောင်းပြောကြားခဲ့သော်လည်း ရဲဘော်မောင်မောင်တိတ်က ဆက်လက်တိုက်ပွဲဝင်လျက်ရှိသည်။ ရဲဘော်မောင်မောင်တိတ်သည် ရှစ်လေးလုံး အရေးတော်ပုံမှ စတင်ကာ ယနေ့အထိ စစ်အစိုးရဆန့်ကျင်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသူတစ်ဦးဖြစ်သည်။

□ ပြည်တွင်းတွင်ရှိနေစဉ်က Democracy and Peace Alliance Force ၏ ခေါင်းဆောင်တစ်ဦး၊ People's Democratic Front အဖွဲ့ ဝင်တစ်ဦးအဖြစ်၄င်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ စည်းရုံးရေးမှူး အဖြစ်သော်၄င်း တာဝန် ထမ်းဆောင်ခဲ့ကာ စစ်အစိုးရ ကလိုက်လံဖမ်းဆီး ရန်ကြိုးပမ်းနေ ကြောင်း ကြား သိ ရ သည့် အချိန် ၌ ထိုင်း–မြန်မာနယ်စပ်သို့ ထွက်ခွာလာခဲ့သည်။

□ နယ်စပ်တွင်ဆက်လက်ပြီး ABSDF ရဲဘော်တစ်ဦးအဖြစ်၄င်း၊ Overseas National Students Organization of Burma ၏ ဘဏ္ဍာ ရေးမှူးအဖြစ်၄င်း တာဝန်ထမ်းဆောင်ခဲ့ပြီး၊ ၁၉၉၈ခုနှစ်တွင် စစ်အစိုးရအားဆန့်ကျင်တိုက်ပွဲဝင်နေသည့် အနုပညာရှင်များကို စုစည်းကာ Music League for Democracy (Burma) ကို စတင်ဖွဲ့စည်းခဲ့သူလည်းဖြစ်သည်။

□ ၂၀၀၄ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု သို့ရောက်ရှိလာခဲ့ပြီး ယခုလက်ရှိ Music League for Democracy (Burma) ၏ ဥက္ကဋ္ဌအဖြစ် ဆက်လက် တာဝန်ထမ်းဆောင်ရင်း မြန်မာ့ဒီမိုကရေစီအရေးကို တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိသည်။

□ သူ၏ကျန်းမာရေးအခြေအနေကို အားလုံးက စိတ်ပူနေကြသော်လည်း ရဲဘော် မောင်မောင်တိတ်က "ကျွန်တော်ဆက်ပြီးတိုက်ပွဲဝင်သွားမယ်" ဟု အခိုင် အမာ ပြောဆိုနေသဖြင့် ဒေါက်တာသောင်းထွန်း က "သူကိုယ်တိုင်ကလည်း သိပ်ပြီးဆန္ဒပြင်းပျနေတယ်၊ ဆက်ပြီးတိုက်ပွဲဝင်သွားမယ်ပဲ ပြောနေတယ်၊ ဒီကနေ့ညနေမှာဆက်ပြီးအန်နေမယ်၊ ဝမ်းသွား နေမယ် ဆိုရင်တော့ ဆက်ပြီး တိုက်ပွဲ မဝင်ဖို့ကျွန်တော်တို့ ဝိုင်းပြီးတိုက်တွန်းရတော့မှာပဲ" ဟု သတင်းနှင့်ပြန်ကြား ရေးကော်မတီကို ပြော ကြား ခဲ့သည်။

□ လက်ရှိအခြေအနေတွင် ကျန်ရဲဘော် ၅ဦးတို့၏ ကျန်းမာရေး အခြေအနေမှာ စိုးရိမ်ပူပန်စရာမရှိကြောင်းတွေ့ရသည်။ စက်တင်ဘာလ ၁ရက်နေ့မှ စတင်ကာ ၂၀ ရက်နေ့အထိ ခရီးမိုင်ပေါင်း ၁၈၀ ကျော်ကို နေပူမရှောင် မိုးရွာမရှောင် ချီတက်ခဲ့ကြခြင်း ၊ ချီတက်နေစဉ်ကာလ၌ အာဟာရမျှတသော အစား အစာများကို မစားသုံးနိုင်ခဲ့ခြင်းတို့ကြောင့် ရဲဘော်များသည် အလွန်အားနည်း နေကြသော်လည်း စိတ်ဓာတ်ပြင်းထန်စွာဖြင့် တိုက်ပွဲဝင်လျှက်ရှိကြသည်။

□ ယနေ့တွင် ရဲဘော်များထံသို့ အမျိုးသားညွန့်ပေါင်းအစိုးရအဖွဲ့မှ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်း၏ ဇနီး ဒေါ်စီစီ Washington D.C နှင့် နယူးယောက်မှမြန်မာမိတ်ဆွေများ Democratic Federation of Burma ၏ ဥက္ကဋ္ဌဖြစ်သူ မိုးသီးဇွန် တို့ပါဝင်သည့် မျိုးချစ်မြန်မာ ၃၀ခန့်လာရောက်ကာ ရဲဘော်များကိုတွေ့ဆုံအားပေးခဲ့သည့်အတွက် ရဲဘော်များက ရွှင်ရွှင်လန်းလန်းဖြင့် ဆက်လက်တိုက်ပွဲဝင်လျှက်ရှိပြီး ဘီဘီစီ၊ ဗွီအိုအေ၊ ဒီဗွီဘီ စသည့် သတင်း ဌာနများ က ဆက်သွယ်မေးမြန်း လာသည်များကို အလှည့်ကျ ဖြေဆိုပေးလျှက်ရှိသည်ကိုတွေ့ရှိရသည်။

□

□ □ **မှတ်တမ်း တင်လွှာ**

မြန်မာနိုင်ငံအထွေထွေအလုပ်သမားများ သမဂ္ဂဂျပန် မှ 'အစာငတ်ခံ ဆန္ဒပြ တိုက်ပွဲဝင်နေသည့် ရဲဘော်များကို လေးစားစွာဦးညွှတ်ကြောင်း နှင့် ဆက်လက် တိုက်ပွဲဝင်သွားရန် အားပေးထောက်ခံကြောင်း' ရေးသားထားသည့် စာကို လက်ခံရ ရှိ ပါသဖြင့် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။ သတင်း နှင့် ပြန်ကြားရေးကော်မတီသို့ ရေးသား ပေးပို့လာသော သဝဏ်လွှာများကို □□ □ □ http://longmarchandhungerstrike.odfb.org တွင် ဆက်လက် ဖော်ပြပေးသွား မည်ဖြစ်ပါသည်။

□ □ □ **ဆက်သွယ်ရန်**

**ဘဏ္ဍာရေးဆိုင်ရာကော်မတီ** --- မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)၊ ကိုရွှေ (၉၁၇–၉၅၁–၂၄၂၈) ၊ ကိုအောင်အောင် (၇၁၈–၃၃၅–၀၉၁၁)
**ကူညီစောင့်ရှောက်ရေးကော်မတီ** --- ကိုရဲထွဋ် (၇၁၈–၆၇၂–၈၇၈၉) ၊ ကိုနိုင်ကျော်မိုး (၇၁၈–၈၁၃–၂၄၂၁)၊ ကိုဂျိမ်း (၇၁၈–၃၈၆–၃၃၉၅) ၊ ကိုနိုင်ကြီး (၆၃၁–၉၇၄–၅၆၃၂) ၊ ကိုသောင်းထွန်း (၂၁၂–၃၃၈–၀၀၄၈) ၊ မသပြေ(၉၁၇–၇၀၄–၄၆၂၃)၊ ကိုမိုက်ကယ် (၇၁၈–၈၁၃–၂၄၂၁) ၊ ကိုဇာနည်မင်းထက် (၇၁၈–၈၁၃–၂၄၂၁) ၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈) ၊ ကိုဇော်ကြီး ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) မကေခိုင်(၉၁၇–၂၉၁–၉၈၆၂)
**သတင်းနှင့်ပြန်ကြားရေးကော်မတီ** --- ကိုမင်းဆန်းမင်း (၇၁၈–၄၃၄–၅၂၉၂) ၊ ကိုဉာဏ်ဝင်းလတ် (၆၄၆–၃၂၁–၅၃၁၁) ၊ မစန္ဒီ (၉၁၇–၄၄၅–၉၂၂၂) ၊ မနန်းစံနွံ (၉၁၇–၅၁၉–၃၇၇၁)၊ ကိုအောင်ကျော်မြင့် (၆၀၇–၃၃၉–၇၀၅၄)၊ ကိုရန်မျိုးအောင် (၅၈၅–၅၇၆–၈၅၂၁)
**သယ်ယူပို့ဆောင်ရေးနှင့်နေရာချထားရေးကော်မတီ** --- ကိုဝင်းရှိန် (၇၁၈–၃၃၅–၅၉၂၃) ကိုဆန်းမြင့် (၉၁၇–၅၂၃–၅၂၂၇) ကိုမိုးချမ်း (၆၄၆–၆၄၃–၈၆၈၉) ၊ မမြမြစိုး (၉၁၇–၇၉၇–၂၁၃၄)၊ နန်းဇွန်ဦး (၂၁၂–၃၃၈–၀၀၄၈)

Visit our websites:
http:\\longmarchandhungerstrike.odfb.org
www.hungerstrike4burma.com